BNI Multimedia Group

နိုင်ငံတကာ မြန်မာသတင်းအဖွဲ့ (ဘီအဲန်အိုင်)
မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့



# ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကျိုး၊ အပြစ် အချိုး

## သန်းစစ်လေ့လာမှုစာစောင် (၁)

ဧပြီလ ၂၀၂၀ ခုနှစ်

# မာတိကာ


ရည်ရွယ်ချက် .................................................... ၂

၁။ နိဒါန်း .................................................... ၃

သုတေသနနည်းနာ .................................................... ၄

သုတေသနပြဿနာများနှင့်သုတေသနဒီဇိုင်း .................................................... ၅

၂။ ရွှေကုက္ကိုလ်မြို့သစ်၏ နောက်ခံအကြောင်းအရာများ .................................................... ၆

သုတေသန လေ့လာဆန်းစစ်ချက် .................................................... ၈

ပိုင်ဆိုင်မှုပြဿနာများ .................................................... ၁၃

မြေယာပြဿနာများ .................................................... ၁၅

လူမှုရေးပြဿနာများ .................................................... ၁၇

ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု .................................................... ၁၉

၃။ နိဂုံး .................................................... ၂၁

## ရည်ရွယ်ချက်

ဘီအဲန်အိုင်(BNI)၏ မိမိတို့ မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (MPM) အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကနဦးစတင်စဉ်အချိန်ကာလများကပင် လေ့လာစောင့်ကြည့်နေသည့်အဖွဲ့ဖြစ်သည့် အားလျော်စွာ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် သက်ဆိုင်သော အကြောင်းအရာများကိုလည်း စနစ်တကျလေ့လာပြီး စာအုပ်များ ရေးသားထုတ်ဝေခြင်းများကို အစဉ်တစိုက် ပြုလုပ်ခဲ့ပါသည်။ ထိုကဲ့သို့သောစာအုပ်များ ရေးသားထုတ်ဝေရာတွင် "ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ လေ့လာဆန်းစစ်မှုများကို ပြည်သူလူထုများအနေဖြင့် လက်လှမ်းမီဖတ်ရှုကိုးကား၊ မှတ်သားနိုင်စေရန်" ဟူသော မိမိတို့၏ မူလရည်မှန်းချက်အတိုင်း ရေးသားထုတ်ဝေခြင်း ဖြစ်ပါသည်။ အဆိုပါစာအုပ်များ၊ အစီရင်ခံစာများ ရေးသားရာတွင်လည်း တစ်စုံတစ်ဦးအပေါ်တွင် နစ်နာစေလိုသော၊ ထိခိုက်စေလိုသော ရည်ရွယ်ချက်များ အလျဉ်းမရှိဘဲ ပိုမို ကောင်းမွန်သော ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျှက်ဘက်လိုက်မှုကင်းပြီးမျှတသော သုံးသပ်ချက်များ ဖြစ်စေရန် ရေးသားပါသည်။

ယခု ဆန်းစစ်လေ့လာချက် စာတမ်းငယ်ဖြစ်သည့် "ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကျိုး၊ အပြစ်၊ အချိုး" ဟူသော စာတမ်းငယ်သည် ကရင်ပြည်နယ်အတွင်းရှိ ရွှေကုက္ကိုလ် မြို့သစ်စီမံကိန်းကို အဓိကထားပြီး လေ့လာထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ လေ့လာရခြင်းအကြောင်းမှာ ကရင်ပြည်နယ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ အခြေစိုက်ရာဒေသဖြစ်သည့်အပြင် ပြည်နယ်နယ်ခြားစောင့်တပ်ဖွဲ့များ၏ ပါဝင်ပတ်သက်မှုလည်း ကြီးမားသောဒေသတစ်ခုဖြစ်ပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်း အပစ်အခတ်ရပ်စဲရေး၏ အကျိုးကျေးဇူးကို အများဆုံး ခံစားရသော ဒေသတစ်ခုအဖြစ်လည်း ပုံဖော်ခြင်းခံရပါသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအကြောင်းကို မိမိတို့ ဘီအဲန်အိုင်၏ မြန်မာ့ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ အနေဖြင့် စနစ်တကျ လေ့လာသင့်သော အကြောင်းအရာတစ်ခုအဖြစ် ယူဆခြင်း၊ အဆိုပါ စီမံကိန်းကို လေ့လာခြင်းမှ ရရှိလာသော ရလဒ်များအပေါ် အခြေပြုပြီး တခြားသောတိုင်းရင်းသားဒေသများတွင် ပြုလုပ်မည့် စီမံကိန်းများအတွက် ကြိုတင် စဉ်းစားချက် တစ်စုံတစ်ရာရရှိစေလိုခြင်း အစရှိသော ရည်ရွယ်ချက်များကြောင့် ဖြစ်ပါသည်။

## ၁။ နိဒါန်း

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ကြပြီး နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသော နိုင်ငံတစ်ခုဖြစ်ပါသည်။ ထိုပြည်တွင်းစစ်၏ ရလဒ်များအဖြစ် မြန်မာနိုင်ငံ၏ နယ်ပယ် အစုံတွင် အဘက်ဘက်မှ ချွတ်ခြုံကျလျက်ရှိပြီး အထူးသဖြင့် လူနည်းစု တိုင်းရင်းသားဒေသများ၏ လူမှုစီးပွားအခြေအနေသည် ဗမာလူမျိုးအများစုနေထိုင်သောတိုင်းဒေသကြီးများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော အခြေအနေအဖြစ် နှစ်ပေါင်းများစွာ ရှိနေခဲ့ပါသည်။ တစ်ချိန်တည်းတွင် ဗမာလူမျိုး အများစုနေထိုင်ကြသော တိုင်းဒေသကြီးများနှင့် လူနည်းစုတိုင်းရင်းသားများ နေထိုင်ကြသည့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များသည် ၂၀၁၁ ခုနှစ် နိုင်ငံရေး အပြောင်းအလဲမှစတင် ခဲ့သည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအပေါ်တွင် လည်း ရိုက် ခတ်မှုများရှိခဲ့ပါသည်။ ဆိုလိုသည်မှာ တစ်နိုင်ငံလုံး၏ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကန့်အသတ်များဖြစ်သည့် လူစွမ်းအားအရင်းအမြစ် ပြဿနာများ၊ စီး ပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံလိုအပ်ချက်ပြဿနာများ၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိသော ပြဿနာများ အစရှိသော ပြဿနာများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၇ နောက် ပိုင်းတွင် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို ဦးစားပေးကိစ္စတစ်ခုအဖြစ် သတ်မှတ်ထားသကဲ့သို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေး ကြီးကြောင်းကို ထပ်ခါတလဲလဲ ထုတ်ဖော်ပြောဆိုလာခဲ့ပါသည်။

လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် တွင် တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့ ၁၀ ဖွဲ့က လက်မှတ်ရေးထိုးထားပြီး ဦးသိန်းစိန် အစိုးရလက်ထက်မှ စတင်ခဲ့ သော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်တွင် ပိုမိုရှုပ်ထွေး လာသည့် အခြေအနေတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲ ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်ကြားမှ တိုက်ပွဲများသည်လည်း ပိုမိုပြင်းထန်လာကာ ဒုက္ခသည်အရေအတွက် တဖြည်း ဖြည်း တိုးပွားလာခဲ့သည်။ တစ်ချိန်တည်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် ချုပ်ဆိုထားသော တိုင်းရင်းသားပြည်နယ်အချို့တွင် အစိုးရ၏ ကမကထပြုမှုဖြင့် ဖွံ့ဖြိုး

ရေးစီမံကိန်းအချို့ကို မတူညီသည့် ပိုင်ဆိုင်မှုများအပေါ် အခြေပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ပါသည်။ ထိုစီမံကိန်းအချို့တွင် ပြည်တွင်းလုပ်ငန်းရှင်များသာမက နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များပါ ပါဝင်လုပ်ကိုင်နေကြပြီး တစ်ဖက်တွင်လည်း ထိုစီမံကိန်းများမှာ ဒေသခံများအတွက် အမှန် တကယ် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ ဆိုသည်မှာ သံသယဖြစ်ဖွယ် အနေအထားပင်ဖြစ်သည်။

အခြားတစ်ဖက်တွင် လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရ/တပ်မတော်တို့အကြားမှ ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ယနေ့ထိတိုင် လုံခြုံရေးဆိုင်ရာ အငြင်းပွားဖွယ်များ၊ နိုင်ငံရေးကတိကဝတ်များအပေါ် မတူညီသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကြားကာလအကောင်အထည်ဖော်မှုဆိုင်ရာ ပြဿနာများဖြင့် မလူးသာမလွန့်သာသော အနေအထားဖြင့်သာ ရှေ့ဆက်နေကြရပါသည်။ နိုင်ငံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများ ရှည်ကြာလာသည်နှင့်အမျှ တိုင်းရင်းသားဒေသများမှ ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးကိစ္စများနှင့် ဆက်စပ်ပြီး စီးပွားရေးအခွင့်အလမ်းများနှင့် ထိုဒေသများအတွင်းရှိ လူမှုစီးပွား အကြပ်အတည်းများသည်လည်း စိန်ခေါ်မှုအနေဖြင့် ပိုမိုပြီး ပြင်းထန်လာခဲ့ပါသည်။

ကနဦး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အဆိုပါ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက် အကူပြုစေလိုသော ရည်ရွယ်ချက်များဖြင့် ကြားကာလအစီအစဉ်များအဖြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်ရန် သဘောတူလက်ခံခဲ့ကြပါသည်။ သို့သော်လည်း အဆိုပါဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုမိုပြီးကောင်းမွန်သော အခြေအနေတစ်ခုအဖြစ် တွန်းပို့နေသလော သို့တည်းမဟုတ် ထိုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကြောင့် ပိုမိုပြီးရှုပ်ထွေးသော ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်တစ်ခု ဖြစ်ပေါ်နေသလောဟူသော မေးခွန်းများသည် စနစ်တကျ လေ့လာရန်လိုအပ်သော အကြောင်းအရာတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ စီးပွားရေးဆိုင်ရာ အရင်းအမြစ်များသည် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့သည့် ပြဿနာများမဟုတ်သော်လည်း အဆိုပါပဋိပက္ခများကို ပိုမိုရှည်ကြာနိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေသော အကြောင်းအရာတစ်ခု ဖြစ်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

## သုတေသနနည်းနာ

ယခုစာတမ်းငယ်အတွက် အချက်အလက်၊ အထောက်အထားများ ရယူရာတွင် အရင်းအမြစ်နှစ်ခု အပေါ်တွင် အခြေခံထားသည်။ ပထမတစ်ခုမှာ မိမိတို့ သုတေသနပြုလုပ်ရာ အကြောင်းအရာ ဖြစ်စဉ်တွင် ပါဝင်ကြသည့် လူပုဂ္ဂိုလ်များအား အင်တာဗျူးများ ဆက်သွယ်မေးမြန်းခြင်းနှင့် ဒုတိယတစ်ခုမှာ ထုတ်ဝေပြီးသော သတင်းစာ၊ စာစောင်များမှ အချက်အလက်များကို ရယူခြင်းတို့ ဖြစ်ပါသည်။ ထိုကဲ့သို့ လူပုဂ္ဂိုလ်များကို အင်တာဗျူး မေးမြန်းရာတွင်လည်း အလွတ်သဘော တစ်ဦးချင်း တစ်ယောက်ချင်းစီ မေးမြန်းမှုများ (Key Informal Interview) ပြုလုပ်သကဲ့သို့ လူပုဂ္ဂိုလ်များအား အုပ်စုလိုက် မေးမြန်းခြင်းများ (Focus Group Discussion) များကိုလည်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မေးခွန်းများ မေးမြန်းရာတွင် ဖြေဆိုသူများ၏အမြင်များ၊ သဘောထားများ၊ ရှုမြင်သုံးသပ်ချက်များကို လွတ်လွတ်လပ်လပ် ပြောဆိုစေနိုင်ရန် အလို့ငှာ မိမိတို့ အင်တာဗျူး ပြုလုပ်ထားသော လူပုဂ္ဂိုလ်များ၏ အမည်နာမများကို ယခု ဆန်းစစ်လေ့လာချက်တွင် ဖော်ပြသွားမည် မဟုတ်ပါ။ သို့သော်လည်း မိမိတို့အနေဖြင့် သုတေသန အချက်အလက်များ ခိုင်မာမှုရှိစေရန်အတွက် အင်တာဗျူးဖြေဆိုသူများ၏ အမည်၊ အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အချက်အလက်များကိုမူ သိမ်းဆည်းထားရှိပါသည်။

## သုတေသနပြဿနာများနှင့် သုတေသန ဒီဇိုင်း

ယခု သုတေသနစာတမ်းငယ်ကို ပြုလုပ်ရာတွင် အဓိကအားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်အတွင်း အပစ်အခတ်ရပ်စဲထားသောဒေသများ၌ ပြုလုပ်သော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိသလဲဟူသော မေးခွန်းနှင့် ထိုစီမံကိန်းများကြောင့် ဒေသခံပြည်သူလူထုအပေါ် မည်ကဲ့သို့ ရိုက်ခတ်မှုများရှိသလဲဟူသော သုတေသနမေးခွန်းများအပေါ်တွင် အခြေတည်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။ အဆိုပါမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် မိမိတို့အနေဖြင့် သုတေသနမေးခွန်းငယ်များကို အကြောင်းအရာလေးခုအပေါ်တွင် တည်ဆောက်ထားပါသည်။

(၁) စီမံကိန်းများ၏ ပိုင်ဆိုင်မှု

(၂) စီမံကိန်းများကြောင့် ဖြစ်ပေါ်လာသော မြေယာပြဿနာများ

(၃) လူမှုရေးပြဿနာများ

(၄) ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှု

ထို့အပြင် ယခု ဆန်းစစ်လေ့လာချက်စာတမ်းလွှာကို သုတေသနပြုလုပ်ရာတွင် အရေးကြီးဆုံးဖြစ်သည့် နိဂုံးချုပ်သုံးသပ်ချက်များကို အချက်အလက်အခြေပြု သုံးသပ်ချက်များဖြစ်စေရန် ကြိုးပမ်းထားပြီး တွေ့ရှိချက်အချို့ကို မူဝါဒဆိုင်ရာ အကြံပြုချက်များ အဖြစ်လည်း ရေးသားထားပါသည်။

## ၂။ ရွှေကုက္ကိုလ်မြို့သစ်၏ နောက်ခံအကြောင်းအရာများ

တရုတ်နိုင်ငံ၏ အရေးပါသောစီမံကိန်းတစ်ခုဖြစ်သည့် ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်းသည် ထိုင်း-မြန်မာနယ်စပ်ဖြစ်သော ကရင်ပြည်နယ်၊ ကုက္ကိုလ်မြိုင်ဒေသ၊ သောင်ရင်းမြစ်တစ်လျှောက်တွင် တည်ရှိပြီး ဧက ၂၀၀၀ ဝန်းကျင် ကျယ်ဝန်းမည်ဟု ခန့်မှန်းရသည်။ သို့သော် ကရင်ပြည်နယ်အစိုးရ၏ ပြောဆိုချက်အရ အဆိုပါစီမံကိန်းကို အစိုးရမှ မြေဧက ၆၂ ဧက ခန့်သာ ခွင့်ပြုထားသည်ဟုသိရပါသည်။[1] အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံ၏ အရှေ့တောင်အာရှထွက်ပေါက်ဟု တင်စားထားသော ထိုင်း-မြန်မာနယ်စပ်က အာရှအဝေးပြေးလမ်းမကြီးနှင့်လည်း ဆက်သွယ်ထားမည်ဖြစ်သောကြောင့် တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်းအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။[2] သို့သော်လည်း အဆိုပါ စီမံကိန်းမှာ ပိုးလမ်းမစီမံကိန်းနှင့် ပတ်သက်ဆက်နွယ်မှုနှင့် ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ထားသောအချက်အလက်များမတွေ့ရှိရကြောင်းကို ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်မှ ထုတ်ဝေ သော အစီရင်ခံစာတွင် ဖော်ပြထားပါသည်။[3]

ထို့အပြင် ထိုစီမံကိန်းတွင် လေဆိပ်၊ အဆင့်မြင့်အိမ်ရာများ၊ ဟိုတယ်၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ဂေါက်ကွင်းများ ပါဝင်မည်ဖြစ်ပြီး ကာစီနိုများလည်း ဖွင့်လှစ်နိုင်ဖွယ်ရှိသည်။ မြဝတီမြို့မှ ကီလိုမီတာ ၂၀ ခန့် ဝေးသော ဒေသသည် ဗိုလ်မှူးကြီးစောချစ်သူ ဦးဆောင်သော နယ်ခြားစောင့်တပ်နှင့် တရုတ်နိုင်ငံမှ Jilin Yatai ကုမ္ပဏီတို့ ပိုင်ဆိုင်ထား သော ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်တွင် တရုတ် နိုင်ငံ၏ အကြီးမားဆုံး လုပ်ငန်း ၅၀၀ တွင် အဆင့် ၃၂၉ အဖြစ် ရပ်တည်ခဲ့သည်။[4] သို့သော် တခြားသော အရင်းအမြစ်များအရ အဆိုပါကုမ္ပဏီ၏ နောက်ခံအကြောင်းအရာနှင့် ပတ်သက်ပြီး အတိအကျသိနိုင်သော အချက်အလက်များ နည်းပါးကာ၊ ရှာဖွေဖော်ထုတ်သူများလည်း နည်းပါးသည်ဟု သိရှိရပါသည်။

Jilin Yatai ကုမ္ပဏီသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ မြန်မာနိုင်ငံစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Myanmar Yatai International Trading Company နာမည်ဖြင့် မှတ်ပုံတင်ခဲ့ပြီး စက်တင်ဘာလတွင် ကုမ္ပဏီနှင့် နယ်ခြားစောင့်တပ် ခေါင်းဆောင် ဗိုလ်မှူးကြီးစောချစ်သူတို့အကြား မိတ်ဖက်ပူးပေါင်းရေး သဘောတူစာချုပ် ကို China Federation of Oversea Chinese Entrepreneurs ၏ စီစဉ်မှုဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။[5] စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ခန့်မှန်းခြေ အမေရိ ကန်ဒေါ်လာ၁၅ဘီလီယံကျော်ခန့်ရှိသည်ဟု ကုမ္ပဏီက ထုတ်ပြန်ကြေညာထားပါသည်။ [6] ထို့အပြင် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က Myanmar

1 7 Day TV, 24 May 2019 (https://www.youtube.com/watch?v=Hi-lj8J6f_M)

2 Myanmar Times, 27 Sep 2018 (https://myanmar.mmtimes.com/news/115825.html)

3 Karen Peace Support Network, “Gambling Away Our Land”, 26 March 2020 (http://kesan.asia/resource/gambling-away-our lands/?fbclid=IwAR2JMzUFLgUInoPZ0VuLLHsPU7bzKjv_34fByFxlE0kFpW8pzUs5B-GSL3o)

4 Myanmar Times, 27 Sep 2018 (https://myanmar.mmtimes.com/news/115825.html)

5 Myanmar Times, 27 Sep 2018 (https://myanmar.mmtimes.com/news/115825.html)

6 DVB TV News, 23 Aug 2019, (https://www.youtube.com/watch?v=mEtUW3ZjHRM&feature=share&fbclid=IwAR3cYfXbKmQcebRYPmj0YQMlHJt2D3haVosHfPmErPFKihoL_01Lsd_ePpM)

Yatai ကုမ္ပဏီကို နှစ် ၃၀ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားပြီး ကနဦးလုပ်ငန်းစဉ်များတွက်မြေဧရိယာ အကျယ်အဝန်း ၁၀.၃ ဟတ်တာကို ကန်ဒေါ်လာ ၂၂.၅ မီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဖော်ပြချက်အရ ကရင် ပြည်နယ်အစိုးရမှ ကန့်ကွက်ရန်မရှိဟု မှတ်ချက်ပေးမှုကြောင့် စီမံကိန်းကို ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ RFA ၏ သတင်းဖော်ပြချက်များအရလည်း အဆိုပါစီမံကိန်းကို BGF ပိုင်ဖြစ်သော ချစ်လင်းမြိုင်ကုမ္ပဏီမှ စီမံကိန်း၏ ၃၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ကာ ကျန် ၇၀ ရာခိုင်နှုန်းကို Myanmar Yatai ကုမ္ပဏီက ပိုင်ဆိုင်သည်။[7]

စီမံကိန်းကို အကောင်အထည်မဖော်မီ Myanmar Yatai ကုမ္ပဏီမှ ရွာသားများကို ညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ BGF ကသာ တွေ့ဆုံမှုရှိခဲ့ပြီး ဒေသခံများက မြေတစ်ဧကအတွက် ကန်ဒေါ်လာ ၄၈၀၀ တောင်းခဲ့သော်လည်း ကန်ဒေါ်လာ ၁၆၀၀ ကိုသာပေးခဲ့သည်ဟု ရွာသားတစ်ဦးကပြောခဲ့သည်။ ထိုစီမံကိန်း ပြီးစီးသောအခါ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး လူနေမှုဘဝများမြင့်မား လာမည်ဟု စောချစ်သူကပြောကြားခဲ့သည်။ သို့သော် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များအားလုံးကို တရုတ်နိုင်ငံမှ ပညာရှင်များနှင့် လုပ်သားများကသာ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် စီမံကိန်းအတွင်းရှိဆိုင်များနှင့် ဈေးများတွင် တရုတ်အငွေ့အသက်များ လွှမ်းခြုံလျက်ရှိသောကြောင့် တရုတ်လွှမ်းမိုးမှု ကြီးထွားလာမည်ကို ဒေသခံများက စိုးရိမ်လျှက်ရှိကြသည်။ ထို့အပြင် လောင်းကစားရုံများပါ ဖွင့်လှစ်နိုင်ဖွယ်ရှိသောကြောင့် ဒေသခံလူငယ်များ အကျင့်စာရိတ္တပျက်မည်ဖြစ်သည့်အပြင် ငွေမည်းများ တရားဝင်လဲလှယ်ရာဒေသ ဖြစ်လာနိုင်ဖွယ်ရှိသည်။ သို့သော် အဆိုပါစီမံကိန်းသည် နယ်ခြားစောင့်တပ်ထိန်းချုပ်ရာဒေသတွင်ရှိသည့်အပြင် ကရင်ပြည်နယ် အစိုးရ၏ ခွင့်ပြုချက်ပါ ရရှိထားသည့်အတွက် ဒေသခံများအဖို့ ကန့်ကွက်ရန်အခွင့်အလမ်းမရှိဟုဆိုကြသည်။[8] နောက်ဆုံးရရှိသော အချက်အလက်များအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ချမှတ်ထားသော စည်းကမ်းချက်များနှင့် အကောင်အထည်ဖော်မှုဆိုင်ရာများလွဲချော်မှုကြောင့် ခေတ္တရပ်ဆိုင်းထားကြောင်း ဗိုလ်မှူးကြီးစောချစ်သူက ပြောသည်။[9]

ထို့အပြင် ၂၀၂၀ ခုနှစ်၊ ဧပြီလ ၈ ရက်တွင် Myanmar Yatai International Holding Group အနေဖြင့် အဆိုပါ မြို့သစ်စီမံကိန်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြချက်တစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်ထဲတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများတွင် နှောင့်နှေးကြန့်ကြာမှုများကြောင့် ပွင့်လင်းမြင်သာမှုများ အားနည်းသည့်အခြေအနေကို ဝန်ခံကြောင်းနှင့် အဆိုပါ စီမံကိန်းသည် မြန် မာပြည်တွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်သူ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် လက်တွဲပြီး ကရင်ပြည်နယ်အတွင်းရှိ ကရင်လူမျိုးများ၏ နေထိုင်မှုဘဝတိုးတက်ရေးအတွက် စီးပွားရေးနှင့် အရည်အသွေးမြှင့်လုပ်ငန်းများမှတစ်ဆင့် ကူညီသွားမည်ဟု ဖော်ပြထားပါသည်။

7 Radio Free Asia, 13 Nov 2019 (https://www.rfa.org/english/news/myanmar/chinese-mega-project-in-myanmars-kayin-state-11132019165455.html)

8 Frontier, 5 September 2019. (https://frontiermyanmar.net/en/shwe-kokko-a-paradise-for-chinese-investment)

9 Ayeyarwaddy, 20 August 2019. (https://burma.irrawaddy.com/news/2019/08/20/201397.html)

ထိုထုတ်ပြန်ချက်ထဲတွင် ထူးခြားချက်အနေဖြင့် စီမံကိန်းကို ယခုတွင် ရပ်ဆိုင်းထားခြင်းမှာ လတ်တလော ဖြစ်ပွားနေသည့် Covid-19 ကြောင့် စီမံကိန်းပတ်ဝန်းကျင်ရှိ လူထုများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို အထူးအလေးပေးသောကြောင့်ဟု ဖော်ပြထား ရှိပါသည်။ ထို့အပြင် အဆိုပါထုတ်ပြန်ချက်တွင် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများရှိ စီမံကိန်းများနှင့်ပတ်သက်ပြီး ဖြေကြားမည်မဟုတ်သည့်အပြင် ထိုလုပ်ငန်းများကို အထူး အလေးထား ရှောင်ရှားနေသည်ဟု ပါရှိပါသည်။ ထိုစီမံကိန်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့ တောင်အာရှအတွင်း စတုတ္ထစက်မှုတော်လှန်ရေးအတွက် မြန်မာ့စီးပွားရေးကို ဖွံ့ဖြိုးစေရေးအတွက် အရေးပါပြီး လက်တွေ့ကျသော စီမံကိန်းတစ်ခုဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

## သုတေသန လေ့လာဆန်းစစ်ချက်

ရှေးဦးစွာ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေများသည်လည်း ယခု သုတေသနပြုလုပ်ရာကိစ္စတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေများနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆင့်ကဲ ပြောင်းလဲပုံများနှင့် နောက်ခံအကြောင်းအရာများသည် ယခု သုတေသနပြုလုပ်ရာ အကြောင်းအရာအပေါ် ရိုက်ခတ်မှုများရှိပါသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများ၏ သမိုင်း၊ ရပ်တည်ချက်များနှင့် ထိန်းချုပ်နယ်မြေများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအပေါ်အမြင်သဘောထားများနှင့် ရပ်တည်ချက်များ အဖြစ်ရှိနေသောကြောင့် ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များနှင့် တပ်မတော်တို့ အကြားက နယ်မြေသတ်မှတ်မှုပြဿနာများသည်လည်း ငြိမ်းချမ်းရေး ဖြစ်စဉ်ကာလအတွင်း ဆွေးနွေးရခက်ခဲသော အကြောင်းအရာအဖြစ် ရှိနေဆဲပင်ဖြစ်သည်။

နယ်မြေပိုင်ဆိုင်ခြင်း အငြင်းပွားမှုဆိုင်ရာ ပြဿနာများသည် စစ်ရေးမဟာဗျူဟာ အရေးပါမှုတစ်ခုတည်းသာမကဘဲ စီးပွားရေးအရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်း ဆိုင်ရာ အချက်အချာကျမှုဟူသော အချက်များပေါ်တွင်လည်း အခြေခံနေပါသည်။ သို့သော်ထိုအရင်းအမြစ်များမှ ရရှိလာသော အကျိုးအမြတ်များကြောင့်ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ဒေသခံများအပေါ်တွင် မည်ကဲ့သို့ ရိုက်ခတ်မှုများ ရှိသလဲဟူသော မေးခွန်း များမှာ ယခု သုတေသန၏ အဖြေရှာလိုသော မေးခွန်းများ ဖြစ်ပါသည်။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်များ၊ အစိုးရနှင့် တပ်မတော်တို့အကြားတွင် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မတူညီသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် မတူညီသော အမြင်သဘောထားများ ရှိနေခြင်းသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ် ကာကလအတွင်းတွင် မလိုလားအပ်သော ပြဿနာများကို ဖြစ်ပွားစေခြင်း ဖြစ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ထဲမှ အခန်း ၆ ထဲတွင် ကြားကာလဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ရေးကိစ္စများနှင့် သဘောတူညီချက်များ ရှိပါသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်ရေးကို အကြောင်းပြပြီး စစ်ရေးအရ နယ်မြေချဲ့ထွင်လာမှုမျိုးလည်း မကြာခဏ ဖြစ်လေ့ရှိကြောင်း ကရင်အမျိုးသား အစည်းအရုံးမှ ရုံဖန်ရုံခါ ထုတ်ဖော်ပြောလေ့ရှိပါသည်။

ထို့အပြင် ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုကော်မတီဝင်နှင့် ပြောရေးဆိုခွင့်ရှိသူ အထွေထွေ

အတွင်းရေးမှူး ဖဒိုစောတာဒိုမူးက "ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ ဘယ်လို ဖွံ့ဖြိုးရေးမျိုးလဲဆိုတာကတော့ ကျွန်တော်တို့စဉ်းစားရမယ်။ ပြည်သူလူထု အမှန်တကယ်လိုချင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုက ဘာလဲဆိုတာကို ရှာဖွေဖို့လို အပ်တယ်။ ဖွံ့ဖြိုးရေးကို တစ်ဖက်သတ် အဓိပ္ပာယ်ဖွင့်ဆိုမှုနဲ့ ကားလမ်းဖောက်သလိုမျိုးတွေ လုပ်လို့ မရပါဘူး" ဟု ပြောဆိုခဲ့ပါသည်။[10] ဆိုလိုချက်မှာ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ကာလများတွင် ပြုလုပ်လေ့ရှိကြသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပတ်သက်သော ပြဿနာများသည် သာမန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောပြဿနာမျိုးမဟုတ်ဘဲတစ်ဖက်နှင့်တစ်ဖက် မယုံကြည်မှုအပေါ်တွင် အခြေတည်သည့် လုံခြုံရေးပြဿနာအဖြစ်များမှ သည် နိုင်ငံရေးပြဿနာများအထိပါ နောက်ဆက်တွဲရိုက်ခတ်မှုများရှိလာခြင်း ဖြစ်ပါသည်။

"ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ ဘယ်လိုဖွံ့ဖြိုးရေးမျိုးလဲဆိုတာကတော့ ကျွန်တော်တို့စဉ်းစားရမယ်။ ပြည်သူလူထု အမှန်တကယ်လိုချင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုက ဘာလဲဆိုတာကို ရှာဖွေဖို့လိုအပ်တယ်။ ဖွံ့ဖြိုးရေးကို တစ်ဖက်သတ် အဓိပ္ပာယ်ဖွင့်ဆိုမှုနဲ့ ကားလမ်းဖောက်သလိုမျိုးတွေ လုပ်လို့ မရပါဘူး"

၁၉၈၉ ခုနှစ်နောက်ပိုင်း နဝတ စစ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အချို့အကြား အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက်ပိုင်း ရှမ်းပြည်နယ်အတွင်း တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသလေးခုနှင့် ကချင်ပြည်နယ်အတွင်းတွင် အထူး ဒေသတစ်ခု သတ်မှတ်ပေးခဲ့ပါသည်။

နယ်စပ်ဒေသများကို အထူးဒေသအဖြစ် သတ်မှတ်ပေးလိုက်ခြင်း၏ ရလဒ်သည် မူးယစ်ဆေး၊ သစ်၊ တွင်းထွက်ကျောက်မျက်ရတနာများနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်များအား တရားမဝင် ကူးသန်းရောင်းဝယ်မှုများပြုလုပ်ရန် လမ်းဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်လာတတ်ပါသည်။ UNODC ၏ သုတေသနမှတ်တမ်းများအရ ၁၉၉၀ ပတ်ဝန်းကျင် ကာလက စတင်ပြီး မြန်မာနိုင်ငံတွင် စိတ်ဆေးဝါးထုတ်လုပ်ဖြန့်ချိမှု အမြောက်အမြား စတင်ခဲ့ပြီး မြန်မာ-ယူနန်-ကွမ်ကျိုးလမ်းသည် မူးယစ်ဆေး အဓိကဖြန့်ချိသည့် လမ်းကြောင်း ဖြစ်လာခဲ့သည်။[11]

၁၉၈၀ နောက်ပိုင်းကာလများတွင် နဝတအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့အကြား ချုပ်ဆိုခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ နောက် ပိုင်း ပေါ်ပေါက်လာခဲ့သည့်

10 BNI-Interview (1), 27 Feb 2020. (Not Published)

11 Irrawaddy News, 21 July 2016 (https://burma.irrawaddy.com/opinion/viewpoint/2016/07/21/118796.html)

နိုင်ငံရေး၊ စီးပွားရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတို့အပေါ် သက်ရောက်မှုများနှင့် ပတ်သက်သည့် သုံးသပ်ချက်များကို SOAS, University of London မှ ပညာရှင် ပက်ထရစ်မီဟန်၏ စာတမ်းတစ်စောင်တွင် ရေးသားထားသည်ကို တွေ့ရပါသည်။ ဒီမိုကရေစီအရေး အုံကြွမှုများနောက်ပိုင်း တက်လာခဲ့သည့် အာဏာသိမ်း နဝတ စစ်အစိုးရအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်မှုရှိလာစေရန် မြန်မာပြည်ကွန်မြူနစ် ပါတီမှခွဲထွက်လာသည့် လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းပြီး အင်အားကြီး လက်နက်ကိုင်အဖွဲ့များကို ချည့်နဲ့သွားအောင်လုပ်ခြင်းဖြင့် နယ်စပ်ဒေသများကိုပါ ထိန်းချုပ်လာနိုင်အောင် ကြိုးစားခဲ့သည်။ လက်နက် ကိုင်အဖွဲ့များအနေနှင့်လည်း မိမိတို့ ထိန်းချုပ်ထားသည့် နယ်မြေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုထူထောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး တောင့်တင်းခိုင်မာမှုရှိလာစေရန် ကြိုးပမ်းခဲ့ကြသည်။ အနောက်နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှု၊ ဖွံ့ဖြိုးရေးအထောက်အပံ့များ ရပ်စဲမှုနှင့် ဘဏ်လုပ်ငန်းများ အင်အား ချည့်နဲ့လာမှုတို့ကြောင့် နဝတအစိုးရသည် တရုတ်နှင့် ထိုင်းနိုင်ငံများကဲ့သို့ စီးပွားရေး ကောင်းမွန်သည့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး အားကောင်းလာအောင် ပြုလုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို ကျားကန်ခဲ့သည်။ နယ်စပ်ဒေသများတွင် နယ်မြေထိန်းချုပ်ထားသည့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် လက်နက်ကိုင်အဖွဲ့များသည် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတွင် အချက်အချာ ကျလာ ကြသည်။ မြန်မာပြည်ရှိ သဘာဝရင်းမြစ်များအပေါ် မျက်စိကျနေသည့် အိမ်နီးချင်း တရုတ်နှင့် ထိုင်းနိုင်ငံတို့ကလည်း နယ်စပ်ကုန်သွယ်ရေးအတွက် ပုံမှန် သံတမန်ဆက်ဆံရေး ထူထောင်ကာ ခွင့်ပြုခဲ့ကြသည်။[12]

United States Institute of Peace (USIP) မှ ထုတ်ဝေသည့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပတ်သက်သည့် သုတေသနစာတမ်းတစ်စောင်တွင် သုတေသနပညာရှင် ကီဗင်ဝုဒ်က ၁၉၈၉-၉၀ ကာလများတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်း ပေါ်ထွန်းလာသည့် စီးပွားရေးကို ပဋိပက္ခရင်းမြစ်စီးပွားရေးဟု အမည်ပေးထားသည်။ "ထိုကဲ့သို့ အပစ်အခတ်ရပ်စဲမှုများမှ မည်သည့် နိုင်ငံရေးဆွေးနွေးမှု (သို့မဟုတ်) မည်သည့် သဘာဝရင်းမြစ် ခွဲဝေရေးသဘောတူညီချက်မျိုးမှ ရလဒ်ထွက်လာခဲ့ခြင်းမရှိပေ။ ထိုရလဒ်အစား တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့စစ်ခေါင်းဆောင်များအကြား သဘာဝရင်းမြစ်များကို အပြိုင်အဆိုင် လုယက်ရောင်းချရာမှ ရရှိလာသည့် အကျိုးအမြတ်များကို နယ်မြေတွင်း ဗိုလ်ကျစိုးမိုးရေးအတွက်သာ အသုံးချသည့် စစ်အုပ်ချုပ်ရေးမျိုးကိုသာ အခွန့်ရှည်စေခဲ့သည်"ဟု The Conflict Resource Economy and Pathways to Peace in Burma[13] စာတမ်းတွင် သုံးသပ်ရေးသားထားသည်။

"လက်ရှိကာလ အပစ်အခတ်ရပ်စဲရေး ဖြစ်စဉ်ဟာလည်း ပြီးခဲ့တဲ့ တစ်ခေါက်က အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်နဲ့ သိပ်မကွာလှသလိုပါပဲ။ နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုအစား စီးပွားရေး ညှိနှိုင်းဆွေနွေးမှုတွေပဲ လုပ်ကြတယ်။ ဒါပေမဲ့ အဲဒါတွေက အဓိက နိုင်ငံရေး တောင်းဆိုမှုတွေကို မဖြေရှင်းနိုင်ပါဘူး။ အဲဒီဟာကို ဖြေရှင်းနိုင်တဲ့ နည်းလမ်းကတော့ ငြိမ်းချမ်းရေးပေါ်လစီထဲမှာ ပါဝင်တဲ့ မြေယာနဲ့

12 Patrick Meehan, "Drugs, Insurgency and State-Building in Burma: Why the Drugs Trade Is Central to Burma's Changing Political Order," Journal of Southeast Asian Studies 42, no. 03 (October 2011): 376–404, doi:10.1017/S0022463411000336., 387.

13 Kevin Woods, "The Conflict Resource Economy and Pathways to Peace in Burma," United States Institute of Peace., 2018., 2

သဘာဝရင်းမြစ် ပိုင်ဆိုင်မှုကိစ္စရပ်တွေနဲ့ အကျိုးစီးပွားမျှဝေရေး အစီအမံတွေကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်မှုရည်ရွယ်ချက်တွေနဲ့အညီအကောင်အထည်ဖော်နိုင်ဖို့အခွင့်အလမ်းတစ်ခုအနေနဲ့ ရှုမြင်ဖို့လိုပါတယ်” ဟု ကီဗင်ဝုဒ်က အကြံပြုခဲ့ပါသည်။

လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းရာတွင် လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ရေးတစ်ခုတည်းသာမကဘဲ အခြားထည့်သွင်းစဉ်းစားရမယ့် လုပ်ငန်းစဉ်များလည်း ရှိသေး သည်ဟု ငြိမ်းချမ်းရေးသုတေသီ Johan Galtung က ရေးသားခဲ့သည်။ အပစ်အခတ် ရပ်စဲရေးဆိုသည်မှာ အဆိုပါ လုပ်ငန်းစဉ်များထဲမှ တစ်ခုသာ ဖြစ်သည်။ Johan Galtung အကြံပြုထားသည့် လုပ်ငန်းစဉ် ခြောက်ရပ်မှာ အပစ်အခတ်ရပ်စဲရေး၊ ဖွဲ့စည်းပုံအရ ဖိနှိပ်မှုရပ်တန့်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ဆံမှုရပ်တန့်ရေး၊ ပူးပေါင်းဆောင်ရွက် ရေး၊ တန်းတူညီမျှမှုရရှိရေးနဲ့ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးသည့် အလေ့အထ ပျိုးထောင်ရေး စသည်တို့ဖြစ်သည်။[14]

“

**ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်တော်တို့ စိတ်ဝင်စားတယ်။ ကိုယ့်ခြေထောက်ကို ရပ်တည်ချင်တယ်။ ကိုယ်ရပ်တည်ဖို့ ကိုယ်မှာအားမရှိရင်ဘယ်လိုအားကိုသွားယူရမှာလဲ။ ဒါတွေ ကောင်းကျိုး၊ ဆိုးကျိုးတော့ နည်းနည်းပါးပါး စဉ်းစား ရမယ်လေနော်။ ဒီဒေသ ဖွံ့ဖြိုးလာရင် အလုပ်တွေ အများကြီးရလာမယ်။ ကိစ္စတစ်ခုမှာ ကောင်းကျိုး ၉၀ ရာခိုင်နှုန်းပါခဲ့ပြီး အဆိုး ၁၀ ရာခိုင်နှုန်း ပါမယ်ဆိုရင် ဘယ်ဟာကို အဓိကထားမလဲ**

”

ရွှေကုက္ကိုလ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မှ ဗိုလ်မှူးကြီးစောချစ်သူက “ဖွံ့ဖြိုး တိုးတက်မှုကို ကျွန်တော်တို့ စိတ်ဝင်စားတယ်။ ကိုယ့်ခြေထောက်ကို ရပ်တည်ချင်တယ်။ ကိုယ်ရပ်တည်ဖို့ ကိုယ့်မှာ အားမရှိရင် ဘယ်လိုအားကို သွားယူရမှာလဲ။ ဒါတွေ ကောင်းကျိုး၊ ဆိုးကျိုးတော့ နည်းနည်းပါးပါး စဉ်းစားရမယ်လေနော်။ ဒီဒေသဖွံ့ဖြိုးလာရင် အလုပ်တွေ အများကြီးရလာမယ်။ ကိစ္စတစ်ခုမှာ ကောင်းကျိုး ၉၀ ရာခိုင်နှုန်းပါခဲ့ပြီး အဆိုး ၁၀ ရာခိုင်နှုန်းပါမယ်ဆိုရင် ဘယ်ဟာကို အဓိကထားမလဲ” ဟု ပြောဆိုထားပါသည်။[15]

---

14 Johan Galtung, THEORIES OF PEACE: A Synthetic Approach to Peace Thinking (International Peace Research Institute, Oslo, 1967).

15 Irrawaddy News, 28 Aug 2019 (https://www.youtube.com/watch?v=g5KwzZa0IcY)





Figure 1: Map of Ethnic Armed Groups Controlled Area and Shwe Kokko's Stateline Images

ထို့အပြင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်၏ ပိုင်နက်နယ်မြေဖြစ်သည့် ရွှေကုက္ကိုလ်ဒေသတွင် အထူးစီးပွားရေးဇုန်အဖြစ် တရားဝင် နာမည်တပ်ထားသော်လည်း ကာစီနိုမြို့တော်အဖြစ် ပုံဖော်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းအပေါ်မှာ မေးခွန်းထုတ်စရာများရှိလာခဲ့ကြပါသည်။ ထိုသို့သော မတူညီသည့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အမြင်သဘောထားများသည် အဆိုပါ စီမံကိန်းများ၏ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းတွင် အဓိက ပြဿနာတစ်ခု ဖြစ်လာသည့်အပြင် တခြားသော စိတ်ဝင်စားဖွယ်ပြဿနာများဖြစ်သည့် ပိုင်ဆိုင်မှုပြဿနာများ၊ မြေယာပြဿနာများ၊ လူမှုရေးပြဿနာများ၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု ပြဿနာများနှင့် တခြားသော ပြဿနာများကို လေ့လာရန်လုံလောက်သော အကြောင်းတရားများဖြစ်လာခဲ့ပါသည်။ သို့သော် ယခု ဆန်းစစ်လေ့လာမှုသည် အချိန်ကာလနှင့် တခြားသော အရင်းအမြစ်ဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆိုပါ စီမံကိန်းတစ်ခုလုံးကို ခြုံငုံနိုင်ခြင်း မရှိဆိုသည်ကိုကား မိမိတို့အနေဖြင့် ဝန်ခံအပ်ပါသည်။

## ပိုင်ဆိုင်မှုပြဿနာများ

တရားစီရင်ရေးနှင့် မျှတသောဥပဒေများသည် အဆုံးအဖြတ်ဖြစ်လာခဲ့ပါသည်။ သို့သော် သမားရိုးကျမဟုတ်သော နိုင်ငံရေးဂေဟာဗေဒစနစ်နှင့် အုပ်ချုပ်ရေးဝန်းကျင်တွင် ထိုကဲ့သို့သော ပိုင်ဆိုင်မှုနှင့် အကျိုး အမြတ်ခွဲဝေမှု ပြဿနာများသည် စီးပွားရေးပြဿနာသပ်သပ်မျိုးမဟုတ်ဘဲ ထိုစီမံကိန်းများ တည်ဆောက်ရာ မြေယာများ၊ တခြားသော အရင်း အမြစ်များ၏ ပိုင်ဆိုင်မှု ပြဿနာများအဖြစ်သာမက တရားဝင်မှုဆိုင်ရာ (Legitimate)နှင့် ပတ်သက်သော နိုင်ငံရေးပြဿနာများ ဖြစ်လာတတ်ပါသည်။

ယခု သုတေသန၏ အထူးပြုလေ့လာသော ရွှေကုက္ကိုလ်စီမံကိန်းသည်လည်း ပိုင် ဆိုင်မှုပုံစံအရ ဗိုလ်မှူးကြီးစောချစ်သူဦးဆောင်သော နယ်ခြားစောင့်တပ်နှင့် တရုတ်နိုင်ငံ မှ Jilin Yatai ကုမ္ပဏီတို့ ပိုင်ဆိုင်ထားသော ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်ကာ နယ်ခြားစောင့်တပ် ပိုင်ဆိုင်သော ချစ်လင်းမြိုင် ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံ Jilin Yatai ကုမ္ပဏီ၏ Myanmar Yatai ကုမ္ပဏီမှ ၇၀ ရာခိုင်နှုန်းပိုင်ဆိုင်သည်ဟု သိရှိရပါသည်။ သို့သော် အဆိုပါ စီမံကိန်း၏ ပိုင်ဆိုင်မှုမှာ ထိုကဲ့သို့ ရိုးရှင်းမှု မရှိသည်ကို သိရှိရပါသည်။ အထူးသဖြင့် နယ်ခြားစောင့်တပ်နှင့် တပ်မတော်တို့၏ ဆက်ဆံရေးသည် ပိုမိုရှုပ်ထွေးပြီး ထိုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပိုင်ဆိုင်မှုအနေဖြင့် မည်သည့်အဖွဲ့အစည်းမှ မည်ရွေ့မည်မျှပိုင်ဆိုင်သည်ကို တရားဝင်အချက်အလက်များဖြင့် ဆန်းစစ်လေ့လာရန် ခဲယဉ်းပါသည်။

၁၉၉၀ အပစ်အခတ်ရပ်စဲရေးကာလများ နောက်ပိုင်းကတည်းက မြန်မာ့တပ်မတော်သည် စစ်ရေးတွင်သာမကဘဲ အုပ်ချုပ်ရေးနှင့် စီးပွားရေးပိုင်းများတွင်ပါ အသွင်ပြောင်းဝင်ရောက်လာခဲ့သည်။ မြန်မာ့တပ်မတော်က တည်ထောင်ထားသည့် အကြီးဆုံးစီးပွားရေး လုပ်ငန်းစုကြီးနှစ်ခုဖြစ်သည့် ဦးပိုင်ဟု လူသိများသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့သည် မြန်မာပြည်သူများ၏ နေ့စဉ်ဘဝများထဲတွင် ထဲထဲဝင်ဝင် ရောက်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။ အစားအစာ၊ ရေသန့်၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်း စသည့် အခြေခံ အဆောက်အဦ လုပ်ငန်းတွေထဲတွင်သာမက သတ္တုတွင်းနှင့် ကျောက်မျက်ရတနာတို့ကဲ့သို့သော နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများတွင်လည်း မြန်မာ့ တပ်မတော်အနေဖြင့် အကြီးစားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားခဲ့ပြီးသားဖြစ်ပါသည်။

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်(KPSN) ၏ လေ့လာဆန်းစစ်ချက်အရ "ရွှေကုက္ကိုလ် စီမံကိန်းသည် ဒေသခံပြည်သူများအတွက် အကျိုးအမြတ် တစ်စုံ တစ်ရာမရှိဘဲ နိုင်ငံတကာ အထိလုပ်ငန်းချဲ့ထွင်ဆောင်ရွက်နေသော မာဖီးယားဂိုဏ်းများ နှင့် ဗမာပြည်စစ်တပ်ခေါင်းဆောင်များ၏ အကျိုးစီးပွားများကိုသာ ဦးတည်ရှေးရှုသော စီမံကိန်းဖြစ်သည်" ဟု သုံးသပ်ထားသည်။[16]

ပြည်သူလူထုအနေဖြင့် ရွှေကုက္ကိုလ်စီမံကိန်းအပေါ်တွင် အမြင်သဘောထား အနေဖြင့် စီမံကိန်း ဆောင်ရွက်စဉ်ကာလ မျှော်လင့်ထားသကဲ့သို့မဟုတ်ပါ။ ကရင်ပြည်နယ်အခြေစိုက် အရပ်ဘက် အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးဖြစ်သူက "ဖွံ့ဖြိုးတိုးတက်ရေးလို့ပြောရင် တိုင်းရင်းသားတွေ လိုအပ်နေတာက ရုပ်ဝတ္ထုပစ္စည်းတွေ မဟုတ်ပါဘူး။ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ကိစ္စတွေ၊ နိုင်ငံရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ စတဲ့ ဟာတွေ ဖြစ်ပါတယ်။ နိုင်ငံရေး ပြဿနာတွေကို မဖြေရှင်းနိုင်ဘဲနဲ့ အခုလို ဖွံ့ဖြိုးရေး နာမည်ခံပြီး လုပ်နေတဲ့ စီမံကိန်းတွေကို လုပ်ဆောင်နေရုံနဲ့ တကယ်စစ်မှန်တဲ့ ဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်မှာမဟုတ်ပါဘူး။ ပြီးတော့ အဲဒီ ဖွံ့ဖြိုးတိုးတက်ရေး အမည်ခံ စီမံကိန်းတွေကို အခုလိုလုပ်ပြီး တကယ်တမ်း ပိုင်ဆိုင်တဲ့သူနဲ့ အကျိုးအမြတ်ရသွားတဲ့လူတွေဟာ ပြည်သူတွေ မဟုတ်ပါဘူး။ တကယ်ချမ်းသာသွားတဲ့ လူတွေက အဲဒီစီမံကိန်း ကို အကောင်အထည်ဖော်တဲ့ အဖွဲ့နဲ့ တရုတ်ကုမ္ပဏီတွေပါ။ ပြည်သူတွေက အလုပ်အကိုင်ရတယ်လို့ ပြောပေမယ့် တကယ်တမ်း ကြည့်လိုက်ရင် ရတာက အရမ်းနည်းတဲ့အပြင် လုံခြုံမှုမရှိတဲ့ အလုပ်ခွင်သာဖြစ်ပါတယ်" ဟု ယခု သုတေသန အတွက် မိမိတို့ ပြုလုပ်ခဲ့သော အင်တာဗျူးတွင် ပြောကြားခဲ့ပါသည်။ [17]

ထို့အပြင် ကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုစောလှထွန်းမှ အင်တာဗျူးတွင် "ရေ ရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ဖို့က ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ဖြစ်နေဖို့ လိုအပ်ပါတယ်။ အဲဒီနှစ်ခုက လည်း အပြန်အလှန် ချိတ်ဆက်နေပါတယ်။ ငြိမ်းချမ်းနေမှ ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေလာမှာပါ။ တကယ်တော့ ကျွန်တော်တို့ ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်နယ်မြေမှာရှိတဲ့ အာရှလမ်းမကြီး ကို ဖောက်ခွင့်ပေးလိုက်တော့ ကုန်စည်စီးဆင်းမှု မြန်ဆန်သွားတာမျိုးဆိုရင် အပစ်အခတ်ရပ်စဲရေးက ဒေသဖွံ့ဖြိုးရေး အတွက် အကျိုးရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ကရင့်အမျိုးသား အစည်းအရုံးအနေနဲ့ တော့ နိုင်ငံရေး အာမခံချက်ရရှိဖို့က အဓိကထားပြီးတော့ စဉ်းစားပါတယ်။ ဒေသဖွံ့ဖြိုးရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရာအတွက် ကျွန်တော်တို့ လျာထားချက် တွေရှိပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့စီမံကိန်းတွေ အတွက်ကတော့ နိုင်ငံရေးအာမခံချက်ရရှိပြီး မှ ဘယ်လိုလုပ်သွားရမလဲဆိုတဲ့ အပိုင်းနဲ့ စဉ်းစားထားပါတယ်။ ရွှေကုက္ကိုလ်စီမံကိန်းရဲ့ ဖြစ်တည်မှုနဲ့ သူ့ရဲ့သဘောတရားက ဘယ်လောက် အထိလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်နဲ့ ဘယ် လိုရှိလဲဆိုတာ စဖြစ်ကတည်းက ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကြားမှာလည်း ရှင်းလင်းမှု ရှိမနေပါဘူး" ဟု ပြောဆိုထားပါသည်။[18]

ရွှေကုက္ကိုလ်စီမံကိန်းသည် ယေဘုယျဆန်သော အချက်အလက်များအရ ၃၀ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်းတည်းဟူသော အကျိုးအမြတ် ခွဲဝေမှုတန်ဖိုး ကိန်းဂဏန်းများကိုသာ တချို့သော အင်တာဗျူးများတွင်သာ ထုတ်ဖော်ပြောဆိုကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ထိုကဲ့သို့ စီမံကိန်း

16 Karen Peace Support Network, "Gambling Away Our Land", 26 March 2020

17 BNI-Interview (2), 14 March 2020. (Not Published)

18 Myanmar Peace Monitor, 17 March 2020 (https://www.mmpeacemonitor.org/2615)

များမစတင်မီကာလများက အခြေချနေထိုင်ကြသော ပြည်သူလူထုများ၏ မြေယာများနှင့် ပတ်သက်သော ကိစ္စရပ်များအပေါ် မည်ကဲ့သို့ ဖြေရှင်းခဲ့သနည်းဆိုသည်များကိုလည်း အတိအကျ သိရှိရခြင်း မရှိပါ။ သုတေသနတွေ့ရှိချက်များ အရ ထိုစီမံကိန်း၏ ပိုင်ဆိုင်မှုဆိုင်ရာ ပြဿနာများသည် သာမန် စီပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှု ပြဿနာများထက် ပိုမိုလေးနက်ကာ ပိုပြီးရှုပ်ထွေးမှုရှိသည်ကို တွေ့ရှိရပါ သည်။ ယခုတွင် စီမံကိန်း အကောင်အထည်ဖော်မှုများကို ယာယီရပ်ဆိုင်းထားသော်လည်း ပြန်ပြီး အကောင်အထည်ဖော်နိုင်သော အလားအလာရှိသည်။ ထိုကဲ့သို့ ပိုင်ဆိုင်မှုဆိုင်ရာ ပြဿနာများ သည် အကောင်အထည်ဖော်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသပ်သပ်ဖြင့် ဖြေရှင်းနိုင်မည့် ပြဿနာမျိုးမဟုတ်သည့်အပြင် ပိုပြီးလေးနက်သော နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များ ယှက်နွယ်နေသော ကြောင့် စစ်မှန်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာ့ငြိမ်းချမ်း ရေးဖြစ်စဉ်တွင် ပါဝင်သော မတူညီသည့်အစုအဖွဲ့များနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်နိုင်ရန် အရေးကြီးလှပါသည်။

> ရွှေကုက္ကိုလ် စီမံကိန်းသည် ဒေသခံပြည်သူများအတွက် အကျိုးအမြတ် တစ်စုံတစ်ရာမရှိဘဲ နိုင်ငံတကာအထိ လုပ်ငန်းချဲ့ထွင်ဆောင်ရွက်နေသော မာဖီးယားဂိုဏ်းများနှင့် ဗမာပြည်စစ်တပ် ခေါင်းဆောင်များ၏ အကျိုးစီးပွားများကိုသာ ဦးတည်ရှေးရှုသော စီမံကိန်းဖြစ်သည်

## မြေယာပြဿနာများ

နိုင်ငံရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်နှင့်အတူ တစ်ဆက်တည်းမှာပင် မြေယာပြဿနာများသည် လည်း ဖြေရှင်းရခက်ခဲသော ပြဿနာများအဖြစ် ရှိနေဆဲပင်ဖြစ်သည်။ နှစ်ပေါင်းများစွာ အမြစ်တွယ်လာ သော မြေယာအရှုပ်အထွေးပြဿနာများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဟူသော ခေါင်းစဉ်အောက်တွင် အထူးအလေးထား ဆွေးနွေးရသောပြဿနာတစ်ခုဖြစ် လာပါသည်။ မြေယာပြဿနာသည် ဥပဒေဆိုင်ရာ အငြင်းပွားမှုသက်သက်မျိုးမဟုတ်ဘဲ ရှုပ်ထွေး သော အဂတိလိုက်စားမှုပြဿနာများ၊ အခြေခံဥပဒေဆိုင်ရာ မတူညီသော သဘောတရားရေးဆိုင်ရာ ပြဿနာများနှင့် ပေါင်းစပ်နေသည့် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ပြဿနာတစ်ခုဖြစ်ပါသည်။ မြေယာပြဿနာသည် ကြီးမားသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအများစု၏ ဘုံတူညီသည့် ပြဿနာဟုဆိုရလောက်အောင် အရှင်းရှင်စနစ်နှင့် ဒီမိုကရေစီသို့ အကူး အပြောင်းကာလတွင် ကြုံတွေ့ရသောပြဿနာဖြစ်ပါသည်။ ယေဘုယျအားဖြင့် တရား ဥပဒေစိုးမိုးသည်ဟု ယူဆနိုင်သော ဗမာအများစုနေထိုင်သည့် တိုင်းဒေသကြီးနှင့် မြို့ကြီးများတွင်ပါ အဆိုပါပြဿနာသည် ဖြေရှင်းရ ခက်ခဲသည်ဟုဆိုနိုင်ပါက ဥပဒေ စိုးမိုးမှုနှင့် ဥပဒေနှင့် လက်လှမ်းမီမှု (Access to Justice) ကွာဝေး

သော တိုင်းရင်းသားဒေသများနှင့် မြို့ပြနှင့် အလှမ်းကွာဝေးသော ဒေသများမှ ပြည်သူလူထုများ အဖို့ အဆိုပါ ပြဿနာများသည် ပိုမိုခက်ခဲသော ပြဿနာများ ဖြစ်လာကြပါသည်။

သုတေသနပညာရှင် ကီဗင်ဝုဒ်က လက်ရှိဆယ်စုနှစ်တွင် တိုးတက်ဖြစ်ပေါ်လာသည့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့်ပတ်သက်ပြီး "တိုးတက်မှုတချို့ ရှိလာပေမယ့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ မြေယာနဲ့သဘာဝရင်းမြစ်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး အလေးပေးမှု အနည်းဆုံးဖြစ်နေပါတယ်။ ရလဒ်အနေနဲ့ သဘာဝရင်းမြစ်တွေနဲ့ပတ်သက်ပြီး ဘယ်သူတွေမှာ စီမံခန့်ခွဲခွင့် အသုံးပြုခွင့်ရှိသလဲ၊ အသုံးပြုလို့ရလာတဲ့ အကျိုးအမြတ်တွေကို ဘယ်ခေါင်းစဉ်အောက်ကနေ ဘယ်လိုခွဲဝေကြမလဲ စတဲ့ အဓိကကျတဲ့ နိုင်ငံရေးမေးခွန်းတွေကို ပြေလည်အောင် မဖြေရှင်းနိုင်ဘဲ လက်နက်ကိုင်ပဋိပက္ခတွေသာ ပိုတိုးပွားလာစေဖို့ ဖြစ်နေပါတယ်"ဟု သုံးသပ်ထားပါသည်။ [19]

> **စီမံကိန်းဧရိယာအတွင်းမှ ဒေသခံပြည်သူများမှာ ထိုစီမံကိန်းလုပ်ငန်းများကြောင့် နေရာမှဖယ်ရှားပေးခဲ့ရပြီးဖြစ်သည်။ ယင်းအတွက် လျော်ကြေးငွေရရှိသည်ဆိုလျှင်ပင် မဆိုစလောက်ပမာဏမျှသာ ရရှိခဲ့ကြပါသည်**

ယခုသုတေသန၏ လေ့လာရာ ရွှေကုက္ကိုလ်စီမံကိန်းတွင်လည်း မြေယာပြဿနာသည် တခြားသောပြဿနာများကဲ့သို့ မီဒီယာများတွင် အထူးပြုဖော်ပြခြင်း မခံရသော်လည်း တခြားသော ပြဿနာများ နည်းတူ လေးနက်ပြီး ရှုပ်ထွေးပါသည်။ အထူးသဖြင့် မြို့ပြနှင့် အလှမ်းကွာဝေးပြီး တရားဥပဒေနှင့် အလှမ်းကွာဝေးသောနယ်စပ်တွင် တည်ရှိနေပြီး လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ရာဒေသ အကျုံးဝင်နေသောကြောင့် ပြည်သူ လူထုအနေဖြင့် အဆိုပါ စီမံကိန်းကြောင့် လယ်ယာမြေလျော်ကြေးများ တန်ရာတန်ကြေးရရှိနိုင်သည်ဟု ယူဆရန် ခက်ခဲလှပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ဒေသခံဆောင်းပါးရှင်တစ်ဦးက "စီမံကိန်းဧရိယာအတွင်းမှ ဒေသခံပြည်သူများမှာ ထိုစီမံကိန်း လုပ်ငန်းများကြောင့် နေရာမှဖယ်ရှားပေးခဲ့ရပြီး ဖြစ်သည်။ ယင်းအတွက် လျော်ကြေးငွေရရှိ သည်ဆိုလျှင်ပင် မဆိုစလောက် ပမာဏမျှသာရရှိခဲ့ကြပါသည်" ဟုဖော်ပြခဲ့ပါသည်။ [20]

ထို့အပြင်အဆိုပါအကြောင်းအရာနှင့် ပတ်သက်ပြီး ဖြေဆိုရန်ငြင်းဆန်မှုများကိုလည်း ကြုံတွေ့ရပါသည်။ ထိုကဲ့သို့သော အကြောင်းအရာများမှာ ထိုစီမံကိန်းကို အကောင်အထည် ဖော်သူများ၏ ဩဇာ၊ အာဏာဖြန့်ကျက်မှုအနေဖြင့် ကြီးမားကြောင်းကို သိသာထင်ရှားစေပါသည်။ ထိုစီမံကိန်းကို

19 Kevin Woods, “The Conflict Resource Economy and Pathways to Peace in Burma,” United States Institute of Peace., 2018., 2

20 Mizzima Daily, 13 Feb 2020 (http://mizzimaburmese.com/article/66920?fbclid=IwAR1P4k7MMh1RpucXha7oshN68SGn17ZxRqBcWWoBv99XXhGx4MeOo3HV76s)

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မြေယာနှင့်ပတ်သက်သော ပြဿနာများရှိကြောင်းကို ကရင် ငြိမ်းချမ်းရေးကွန်ရက်မှ ထုတ်ဝေလိုက်သည့် "တို့မြေများကို လောင်းကစားပစ်ခြင်း" ဟူသည့် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။[21] အထူးသဖြင့် ဒေသခံများအနေဖြင့် မသေချာသော သတင်းစကားများကိုအခြေခံပြီး သတ်မှတ်ထားသော လျော်ကြေးငွေများ မရရှိခြင်း စသော ပြဿနာများ ကြုံတွေ့ရသော်လည်း ဥပဒေဖြင့် ကာကွယ်နိုင်သော လက်လှမ်းမီမှုမျိုး မရရှိသည့်အပြင် ကြိုးစားနိုင်သော အခွင့်အရေးလည်း ရရှိခဲ့ခြင်းမရှိကြပါ။ ထိုကဲ့သို့သော ဖြစ်စဉ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်ဆောင်ရွက်နေသည့် ကြားကာလများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အထူးတလည် အာရုံစိုက်ပြီး စောင့်ကြည့်နေ ကြောင်းကို ကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုစောတာဒိုမူးက မိမိတို့ပြုလုပ်သော အင်တာဗျူးတွင်ပြောဆိုခဲ့ပါသည်။ အဆိုပါ မြေယာပြဿနာများသည် စီးပွားရေးပြဿနာတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေး နှင့် လူမှုရေးပြဿနာများ အဖြစ်ပါ ရိုက်ခတ်မှုရှိပါသည်။

## လူမှုရေးပြဿနာများ

ရွှေကုက္ကိုလ်စီမံကိန်း ကနဦး စတင်စဉ်ကတည်းက ပြည်သူလူထု၏ အသိုင်းအဝိုင်း ကြားထဲတွင် စိုးရိမ်မှု အများဆုံးနှင့် ရိုက်ခတ်မှုအဖြစ်ဆုံးမှာ လူမှုရေးပြဿနာများဖြစ်သည်။ အထူးသဖြင့် ကရင်လူမျိုးများ၏ နဂိုရှိနေပြီးသားသော လူမှုပုံစံများနှင့်တန်ဖိုးစံများအပေါ် ခြိမ်းခြောက်လာသောပြဿနာများသည်အကြီးဆုံး ဖြစ်ပါသည်။ ထိုအထဲတွင် မူးယစ်ဆေးဝါးပြဿနာများ၊ လောင်းကစားပြဿနာများ၊ လူကုန်ကူးမှု ပြဿနာများ၊ လိင် ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု ပြဿနာများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှု အစရှိသော ပြဿနာများအပြင် တခြားသော လူမျိုးရေးနှင့်ဆိုင်သော တန်ဖိုးထားမှုဆိုင်ရာ ပြဿနာများပါရှိလာခဲ့ပါသည်။ ထိုကဲ့သို့သောပြဿနာများကို ကရင်ပြည်နယ်အခြေစိုက် အရပ်ဘက် အဖွဲ့အစည်းများ၏ ခေါင်းဆောင်တစ်ဦးကလည်း မိမိတို့ ယခုသုတေသနအတွက် ပြုလုပ်သော အင်တာဗျူးတစ်ခုတွင် "အခုလိုဖွံ့ဖြိုးတိုးတက်မှုကို ခေါင်းစဉ်တပ်ပြီး ကာစီနိုလိုလို၊ အထူးစီးပွားရေး စီမံကိန်းလိုလိုမျိုးတွေ လုပ်တာမျိုးကိုတော့ ကျွန်တော်တို့ ပြတ်ပြတ်သားသား ငြင်းဆန်ဖို့ လိုပါတယ်။ တကယ်ကိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်မယ်ဆိုလို့ရှိရင် သမားရိုးကျစီးပွားရေးနဲ့ ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကိုသာ လုပ်သင့်ပါတယ်။ အခု ရွှေကုက္ကိုလ်လို စီမံကိန်းမျိုးကတော့ ကျွန်တော်တို့ကရင်လူမှုဓလေ့တွေနဲ့လည်း မကိုက်ညီသလို တခြားမူးယစ်ဆေးဝါးတို့၊ လူကုန်ကူးမှုတို့ စတဲ့ ပြဿနာတွေကိုပါ ဖြစ်စေပြီးတော့ ကျွန်တော်တို့ဒေသရဲ့ တည်ငြိမ်အေးချမ်းမှုကိုထိခိုက်စေပါတယ်" ဟု ဖြေဆိုခဲ့ပါသည်။[22]

ထို့အပြင် ကရင့်ထိပ်တန်းနိုင်ငံရေးပါတီတစ်ခုမှ ခေါင်းဆောင်တစ်ဦးကလည်း "နံပါတ်တစ်အချက်ကတော့ သူတို့လုပ်တာ ပွင့်လင်းမြင်သာမှုမရှိဘူး။ လူမသိဘူးပေ့ါ။ အဲဒါမဖြစ်သင့်ဘူး။ ရုပ်ဝတ္ထုတိုးတက်မှု တစ်ခုတည်းကိုချည်း ကျွန်တော်တို့ကြည့်လို့မရဘူး။ ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်၊ လူရွယ်တွေရဲ့ အကျင့်စာရိတ္တနဲ့ အမူအကျင့်တွေကို ပျက်စီးစေမယ့် အရာ

21 Karen Peace Support Network, "Gambling Away Our Land", 26 March 2020.

22 BNI Interview 3, March 14, 2020. (Not Published)

23 BNI Interview 4, March 15, 2020. (Not Published)

မုန်သမှုကို ဖြစ်စေတဲ့ စီမံကိန်းမျိုးကိုတော့ ကျွန်တော်တို့လက်မခံပါဘူး” ဟုလည်း ဖြေဆိုခဲ့ပါသည်။[23] အထူးသဖြင့် ဒေသခံပြည်သူများအနေဖြင့် စီမံကိန်းကို ဆန့်ကျင်ကြရာတွင် စီမံကိန်းအမျိုးအစားနှင့် အဆိုပါ စီမံကိန်းမှ ဒေသခံပြည်သူလူထုများအပေါ် ရိုက်ခတ်လာနိုင်သော လူမှုရေး ပြဿနာများ အပေါ်တွင်အခြေခံပြီး သဘောထားတင်းမာမှုများရှိသည်ကို တွေ့ရှိရပါ သည်။ ထို့အပြင် အဆိုပါစီမံကိန်းတည်ဆောက်ရေးအတွက် အလုံးအရင်းဖြင့် ဝင်ရောက် လာသော တရုတ်လုပ်သားများနှင့် ပတ်သက်ပြီးလည်း စိုးရိမ်မှုများမှာ မြင့်တက်လျက် ရှိသည်။ ထိုတရုတ်လုပ်သားများမှာ တရားဝင်လုပ်သား ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် တရားဝင် ရှင်းလင်းအသိပေးထားခြင်းမျိုးမရှိသည့်အပြင် ထိုကဲ့သို့ အလုံးအရင်းဝင်ရောက်မှုကြောင့် မတူညီသော ယဉ်ကျေးမှု ဓလေ့ပုံစံများအပေါ် အခြေပြုလျက် တခြားသော လူမှုရေးပြဿနာများလည်းရှိနေပါသည်။ ထို့အပြင် အဆိုပါ တရားမဝင် ဝင်ရောက်လာသော တရုတ်လုပ်သားများအနေဖြင့် အခြားသော စီးပွားရေးလုပ်ငန်းများကိုပါ တရားမဝင် ပြုလုပ်နေကြကြောင်းကို

> နံပါတ်တစ်အချက်ကတော့ သူတို့လုပ်တာ ပွင့်လင်းမြင်သာမှုမရှိဘူး။ လူမသိဘူးပေါ့။ အဲဒါမဖြစ်သင့်ဘူး။ ရုပ်ဝတ္ထုတိုးတက်မှု တစ်ခုတည်းကိုချည်း ကျွန်တော်တို့ ကြည့်လို့ မရဘူး။ ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ အနာဂတ်ဖြစ်တဲ့ လူငယ်၊ လူရွယ်တွေရဲ့ အကျင့်စာရိတ္တနဲ့ အမူအကျင့်တွေကို ပျက်စီးစေမယ့် အရောမှုန်သမှုကို ဖြစ်စေတဲ့ စီမံကိန်းမျိုးကိုတော့ ကျွန်တော်တို့လက်မခံပါဘူး

လည်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ ထုတ်ဝေသော အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

လူမှုရေးပြဿနာများသည် ပုံမှန်ဖြစ်သော နိုင်ငံရေးဝန်းကျင်နှင့် တည်ငြိမ်သော လူနေမှုပုံစံရှိသည့်အခြေအနေများနှင့် ဒေသများတွင်ပင် ကိုင်တွယ်ရခက်ခဲသော ပြဿနာများဖြစ်ပါသည်။ လူမှုရေးပြဿနာများ၏ သဘောသဘာဝအရ ထိုပြဿနာများ၏အဖြေမှာ ဖြစ်စဉ်တစ်ခုနှင့်တစ်ခု တူညီခြင်းများမရှိသည့်အပြင် မည်ကဲ့သို့ ဖြေရှင်းရမည်ဆိုသည်မှာလည်း တိကျစွာ သတ်မှတ်ထားခြင်းမျိုးမရှိပါ။ အထူးသဖြင့် ရွှေကုက္ကိုလ်မြို့သစ်တည်ဆောက်ရာ ဒေသကဲ့သို့သော နေရာများတွင် အဆိုပါ လူမှုရေးပြဿနာများ ဖြစ်ပေါ်လာပါက ပိုမိုဆိုးရွားသော အခြေအနေနှင့် ပိုမိုရှုပ်ထွေးပြီး ဖြေရှင်းရန်ခက်ခဲသောပြဿနာများပေါ်ပေါက်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုလူမှုရေးပြဿနာများသည် အသွင်အမျိုးမျိုးဖြင့်ပြောင်းလဲပြီး ကရင်လူမှုအသိုင်းအဝိုင်း၏ တန်ဖိုးထားမှုဆိုင်ရာစံနှုန်းများ၊ အမျိုးသားရေးဆိုင်ရာ စရိုက်လက္ခဏာများကို ခြိမ်းခြောက်လာနိုင်ဖွယ်ရှိပါသည်။ ထို့အပြင် ကရင်ဒေသ၏တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ထိပါးလာနိုင်ပါသည်။ အဆိုပါ ပြဿနာများကို အကြောင်းပြုပြီး တပ်မတော်မှ နယ်မြေတိုးချဲ့မှုများ၊ တခြားသော စစ်ရေးဆိုင်ရာ လုပ်ရှားမှုများ ဖြစ်ပေါ်လာပါက လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် အပစ်အခတ် ရပ်စဲရေး ကိစ္စများကိုပါ ရိုက်ခတ်မှုများ ရှိလာနိုင်မည်ဖြစ်သည်။

## ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု

ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်း စတင်အကောင်အထည်ဖော်စဉ် ကာလမှစတင်ပြီး နောက်ဆုံး ကရင်ပြည်နယ်အစိုးရမှ စတင်ပြီး စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးမှုများအရ အကောင်အထည်ဖော်မှုဆိုင်ရာ စည်းမျဉ်း ဥပဒေများကို ချိုးဖောက်မှုကြောင့် စီမံကိန်းကို ယာယီရပ်ဆိုင်းသည့် အချိန်အထိ အကောင်အထည်ဖော် ဆောင်ရွက်သူများဘက်မှ ထပ်တလဲလဲ ပြောကြားလေ့ရှိသည့်အရာမှာ ဒေသခံများအတွက် အလုပ်အကိုင် အခွင့် အလမ်းရရှိနိုင်မှု ဟူသော စကားဖြစ်ပါသည်။ အဆိုပါ မက်လုံးများနှင့် ပတ်သက်ပြီး ဆန်းစစ်လေ့လာကြည့်ပါက ထိုစီမံကိန်းကြောင့် ဒေသခံပြည်သူလူထုများထဲမှ လူဦးရေ မည်မျှခန့် အလုပ်အကိုင်ရရှိသွားသည်ဟူသော တိကျသည့် ကိန်းဂဏန်းဆိုင်ရာ ညွှန်းဆိုမှုများလည်း မတွေ့ရပါ။ ထို့အပြင် ထိုစီမံကိန်း စတင်အကောင်အထည်ဖော်သည့်အချိန်မှ စပြီး နောက်ဆုံးရပ်နားရသည့်အချိန်အထိ တစ်လျှောက်လုံး တွင် တရုတ်လုပ်သားများဖြင့်သာ အကောင်အထည်ဖော်လျက် ရှိသည်ဟု ဒေသခံများထံမှ သိရှိရပါသည်။

ဒေသခံတစ်ဦးမှ "ပထမ မြေသိမ်းတုန်းကတော့ ကျွန်တော်တို့အတွက် အလုပ်ရမယ်ဆိုပြီး အခိုင်အမာပြောပါတယ်။ အခုလိုမြေတွေမရှိတော့လည်း ဒီစီမံကိန်းမှာလုပ်နိုင်ပါတယ်ပေါ့။ တကယ့်လက်တွေ့မှာကျတော့ ကျွန်တော်တို့မှာ မြေယာလည်းမရှိတော့ ထိုင်းကိုသွားပြီး အလုပ်လုပ်ကိုင်ခဲ့ရပါတယ်။ ကျွန်တော်တို့ မိသားစုတွေလည်း တစ်ကွဲတစ်ပြားစီ ဖြစ်ရတဲ့အပြင် အခုဆို အိမ်ပြန်လာရင် အရင်က တစ်ခါမှ မမြင်ဖူးတဲ့ လူတွေလည်း တွေ့ရတယ်။ အဲဒီအတွက် ကျွန်တော်တို့ မိသားစုအတွက် အရမ်း စိုးရိမ်မိပါတယ်" ဟု ယခု သုတေသနအတွက် မိမိတို့ပြုလုပ်ရာ အင်တာဗျူးတစ်ခုတွင် ဖြေဆိုခဲ့ပါသည်။ [24]

ထို့အပြင် ကရင်ပြည်နယ်မှ အရပ်ဘက်အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးက "ဒါမျိုး ကာစီနိုဆောက်မယ့် မြို့သစ်အတွက်ကတော့ အလုပ်အကိုင်ရနိုင်လည်း ဒေသနှင့် ပြည်သူလူထုအတွက်ကတော့ အကျိုးမရှိတဲ့ အလုပ်ပဲရမယ့်အပြင် အခုထက် ပိုပြီးဆိုးရွားတဲ့ အခြေအနေတွေဖြစ်သွားနိုင်ပါတယ်။ အခုပဲကြည့်လေ၊ သူတို့ပြောတော့ ဒေသခံတွေ အလုပ်ရမယ်ဆိုပြီး စီမံကိန်းအစကနေ အဆုံးထိ အကုန်လုံးသူတို့ တရုတ်တွေပဲလုပ်ကြတာ။ နောက်ဆုံး သူတို့သုံးတဲ့ ပစ္စည်းကစလို့ကျွန်တော်တို့ ပြည်တွင်းကဟာတွေ မဟုတ်ဘူးရယ်။ အဲဒီတော့ ဒါပြီးရင် ဒေသခံတွေ အလုပ်ရမယ်ပြောတာ ကျွန်တော်တို့က ဘာကို အခြေပြုပြီး ယုံရမှာလဲ" ဟု ဖြေဆိုခဲ့ပါသည်။[25]

အဆိုပါစီမံကိန်းကြောင့် မိမိတို့ လယ်ယာမြေများကို အဆုံးရှုံးခံပြီး အလုပ်အကိုင် အသစ်များ ရရှိနိုင်မည်လောဟူသည့် မျှော်လင့်ချက်ဖြင့် နေခဲ့ကြရသည့် ဒေသခံများ အများအပြားရှိသည်ကို သိရှိရပါသည်။ သို့သော် တကယ်တမ်း စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်သည့်အခါ ဒေသခံများအစား တရုတ်လုပ်သားများကိုသာ အသုံးပြုပြီး တည်ဆောက်နေသည်ကို သိရှိရသည်။ ထို့အပြင် အဆိုပါစီမံကိန်း ပြီးစီးပြီးသည့်အခါလည်း ဒေသခံများအတွက်ရရှိနိုင်သည့် အလုပ်အကိုင်များမှာ ကျွမ်း ကျင်မှု မလိုအပ်သည့် အလုပ်အကိုင်များ ဖြစ်မည်ကို အရပ်ဘက်အဖွဲ့ အစည်းများစွာကလည်း

24 BNI Interview (5), 27 February 2020. (Not Published)

25 BNI Interview (6), 4 March 2020. (Not Published)

ထောက်ပြ ပြောဆိုမှုများရှိကြပါသည်။[26]

ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအများစု၏စီးပွားရေးနာလန်ထစေရန်အတွက် ငွေကြေး အရင်းအနှီးအဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မှီခိုရကြပါသည်။ အထူးသဖြင့် ထိုကဲသို့ နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြသော ကော်ပိုရေးရှင်းကြီးများနှင့် အကြီးစားစီးပွားရေးအများစုသည်လည်း ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများမှ လုပ်ခလစာနည်းပါးသော လုပ်သားရရှိနိုင်မှုအပေါ် အခြေပြုလျက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြပါသည်။ ထိုကဲသို့သောအခြေအနေမျိုးတွင်ပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုင်းသည် တိုင်းပြည် (သို့) ဒေသတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည်ဟု အတိအကျပြောဆိုရန် ခက်ခဲလှပါသည်။ အထူးသဖြင့် ထိုကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မိမိတို့ဒေသတွင်ရှိသော ပြည်သူလူထုကို အလုပ်အကိုင်ပေးနိုင်ရုံသာမကဘဲ နိုင်ငံအတွင်းရှိ အသေးစားစီးပွားရေးလုပ် ငန်းများသို့ နည်းပညာဆိုင်ရာ

> ပထမ မြေသိမ်းတုန်းကတော့ ကျွန်တော်တို့အတွက် အလုပ်ရမယ်ဆိုပြီး အခိုင်အမာပြောပါတယ်။ အခုလိုမြေတွေ မရှိတော့လည်း ဒီစီမံကိန်းမှာလုပ်နိုင်ပါတယ်ပေါ့။ တကယ့်လက်တွေ့မှာကျတော့ ကျွန်တော်တို့မှာ မြေယာလည်းမရှိတော့ ထိုင်းကို သွားပြီး အလုပ်လုပ်ကိုင်ခဲ့ရပါတယ်။ ကျွန်တော်တို့ မိသားစုတွေလည်း တစ်ကွဲတစ်ပြားစီ ဖြစ်ရတဲ့အပြင် အခုဆို အိမ်ပြန်လာရင် အရင်က တစ်ခါမှမမြင်ဖူးတဲ့လူတွေလည်း တွေ့ရတယ်။ အဲဒီအတွက် ကျွန်တော်တို့ မိသားစုအတွက် အရမ်းစိုးရိမ်မိပါတယ်

လွှဲပြောင်းပေးနိုင်မှုအစရှိသော အခြားသော အကျိုးကျေးဇူး များ ရရှိနိုင်အောင်ပြုလုပ်ရန် လိုအပ်သည်။

သို့သော် ယခု ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်းသည် သမားရိုးကျ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟု ခေါ်ဆိုရန်ခက်ခဲလှပါသည်။ အကြောင်းမှာ ပုံမှန်မဟုတ်သော ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်း မဟုတ်သည့်အပြင် ထိုစီမံကိန်းရှိရာနေရာဒေသမှာ အုပ်ချုပ်ရေးအာဏာ လက်လှမ်းမီရန် ခက်ခဲသော နေရာတွင်တည်ရှိနေသောကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့သောအခြေအနေမှာ အဆိုပါ စီမံကိန်းကြောင့် ဒေသခံ ပြည်သူများအနေဖြင့် အလုပ်အကိုင်များရရှိလာနိုင်ပြီး လူနေမှု အဆင့်အတန်းမြင့်တက်လာ နိုင်သည်မှာ ယုံနိုင်ဖွယ်ရာမရှိသည်ကို တွေ့ရှိရပါသည်။

26 Karen Peace Support Network, “Gambling Away Our Land”, 26 March 2020.

## ၃။ နိဂုံး

ယခု သုတေသန၏ နောက်ဆုံးနိဂုံးအပိုင်းတွင် မိမိတို့ သုတေသနပြုလုပ်သော အကြောင်းအရာများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဟူသည့် ရှုထောင့်သုံးခုမှ ချဉ်းကပ်ပြီး အစကနဦးတွင် မိမိတို့ မေးမြန်းထားသည့် သုတေသနမေးခွန်းများကို ဖြေဆိုသွားမည်ဖြစ်သည်။ အထူးသဖြင့် မိမိတို့ ရှာဖွေရာ သုတေသနအကြောင်းအရာသည် ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပြည်သူလူထု ဟူသော အကြောင်းအရာ သုံးခုအပေါ်တွင် အခြေတည်ပြီး စဉ်းစားခြင်းဖြစ်ပါသည်။ ထိုအကြောင်းအရာများကို စဉ်းစားသည့်အခါတွင် နိုင်ငံရေးဖြစ်စဉ်နှင့် စီးပွားရေးဖြစ်စဉ်တို့သည် လူ့အဖွဲ့အစည်းအပေါ်တွင် နည်းမျိုးစုံနှင့်သက်ရောက်မှုရှိသည်ဟူသော အယူအဆ ပေါ်အခြေပြုပြီး ရွှေကုက္ကိုလ်စီမံကိန်းကို အထူးပြုလေ့လာသောဖြစ်စဉ်တစ်ခုအဖြစ် သတ်မှတ်ပြီး မိမိတို့ ရှာဖွေလိုသော သုတေသနမေးခွန်းများကို ဖြေဆိုရန် ကြိုးစားခြင်းဖြစ်ပါသည်။





Figure 2: Analytical Triangle on Shwe Kokko Project

ပထမဦးဆုံးအနေဖြင့် အဆိုပါစီမံကိန်းနှင့်ပတ်သက်ပြီး နိုင်ငံရေးနှင့် စီးပွားရေးဖြစ်စဉ်သည် သမားရိုးကျမဟုတ်သော အခြေအနေတစ်ခုဖြင့်တည်ရှိနေပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်တည်းဟူသော ပြည်ထောင်စုသရုပ်သကန်တည်ဆောက်ခြင်း (Nation Building) နှင့် ဆက်စပ်နေခြင်းဖြစ်ပါသည်။ ထို့အပြင်တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တည်းဟူသည့် အခြေခံမှုများအပေါ်အခြေပြုပြီး ဆွေးနွေးနေကြသည့် ငြိမ်းချမ်းရေးဖြစ်စဉ် မပြီးပြတ်သေးသည့်အချိန်တွင် ရွှေကုက္ကိုလ်စီမံကိန်းကဲ့သို့သော အငြင်းပွားဖွယ်စီမံကိန်းကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို တိုက်ရိုက်သက်ရောက်မှု မရှိသော်လည်း တခြားသောပြဿနာများအနေဖြင့် ရိုက်ခတ်မှုများရှိပါသည်။ အထူးသဖြင့် ကရင်လူမျိုးများ၏ ဒေသတွင် အရင်းအမြစ်များကိုအသုံးပြုရန်အတွက် နိုင်ငံရေးအရ တရားဝင်မှုဆိုင်ရာ ပြဿနာများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့၏ ပတ်သက်ဆက်နွယ်မှုသည် အကြီးမားဆုံးဖြစ်ပါသည်။ အဆိုပါ ပြဿနာသည် ယခု သုတေသနပြုလုပ်ရာ ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်းတစ်ခုတည်းတွင် မဟုတ်ဘဲ ကရင်ပြည်

နယ်၏ အခြားနယ်စပ်နယ်မြေများနှင့် တခြားသောတိုင်းရင်းသားဒေသများတွင် ပြုလုပ်သည့် စီမံကိန်းများအတွက်လည်း အငြင်းပွားဖွယ်ရာ ပြဿနာဖြစ်ပါသည်။

ဒုတိယအနေဖြင့် စီးပွားရေးနှင့် လူမှုရေးဖြစ်စဉ်အတွင်းမှ အကြီးကျယ်ဆုံးသော ပြဿနာများမှာ ပြည်သူလူထု၏ ဘဝရပ်တည်မှုနှင့် အဆိုပါစီမံကိန်းအတွက် လိုအပ်သော အရင်းအမြစ်ကြားက ပြဿနာဖြစ်ပါသည်။ အဆိုပါ ပြဿနာသည် ဥပဒေ၏ ထိန်းကွပ်မှုကို ရယူရန် အလှမ်းကွာဝေးသည့် အခြေအနေတွင် ပိုမိုဆိုးရွားသော လူမှုရေး ပြဿနာများအဖြစ် ပုံပေါ်လာပြီး လူမှုသဟဇာတဖြစ်မှုကို ခြိမ်းခြောက်လာခဲ့ပါသည်။ အရင်းအမြစ်ခွဲဝေမှု ပုံစံမမှန်ကန်သောကြောင့် ဒေသခံပြည်သူလူထုတို့၏ အသက်မွေး ဝမ်းကျောင်းနှင့် ဘဝရပ်တည်မှုကို ရိုက်ခတ်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သမားရိုးကျ အခြေအနေများကဲ့သို့ ဈေးကွက်မှ လိုက်လံထိန်းညှိပေးနိုင်သည့် အခြေအနေမျိုး မဟုတ်သောကြောင့် ရလဒ်အနေဖြင့် မလိုလားအပ်သည့် လူမှုရေးပြဿနာများကို ပေါ်ပေါက်စေခြင်း ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ရွှေကုက္ကိုလ်စီမံကိန်းသည် နိုင်ငံရေးဖြစ်စဉ်နှင့် လူမှုဖြစ်စဉ် အကြား လူမှုအသိုက်အဝန်းမှ တန်ဖိုးထားမှုစံနှုန်းများကိုပါ လွှမ်းမိုးလာသည်အထိ ပြဿနာ၏ ရိုက်ခတ်မှုမှာ ကြီးမားပါသည်။ ထိုပြဿနာများသည် အရင်းအမြစ် ခွဲဝေမှုဆိုင်ရာ စီပွားရေးပြဿနာများသာမကဘဲ တန်ဖိုးထားမှု ဆိုင်ရာ စံနှုန်းများနှင့် ယဉ်ကျေးမှုတို့ ထိပ်တိုက်တိုးမိရာ ပြဿနာများလည်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ပြဿနာများကို စီးပွားရေးရှုထောင့်သပ်သပ်မှ ဖြေရှင်းရန် စွမ်းဆောင်နိုင်မည် မဟုတ်ပါ။ ထို့အပြင် ဒေသခံ ပြည်သူလူထုတို့၏ လုံခြုံရေးကိုလည်း ပုံစံအမျိုးမျိုးဖြင့် ခြိမ်းခြောက်နေမည်ဖြစ်သည်။ အထူးသဖြင့် တည်ငြိမ်မှုမရှိသေးသည့် နိုင်ငံရေးဖြစ်စဉ်နှင့် လူမှုသဟာဇာတ မဖြစ်သည့် လူ့အဖွဲ့အစည်းအတွင်းတွင် အဆိုပါပြဿနာများသည် ထင်မှတ်ထားသည်ထက် ပိုမိုကြီးမားလာနိုင်ပါသည်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံရေးဖြစ်စဉ်ထဲမှ တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို များစွာရိုက်ခတ်လာနိုင်ဖွယ်ရှိပါသည်။

အချုပ်အားဖြင့် ဆိုရသော် ငြိမ်းချမ်းရေးဖြစ်စဉ် မပြီးပြတ်သေးသည့် ကာလများတွင် အဆိုပါဧရိယာများ၌ ကြီးမားသောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများသည် စီးပွား ရေးပြဿနာများအဖြစ်သာမကဘဲ နိုင်ငံရေးပြဿနာများနှင့် လူမှုရေးပြဿနာများကို ထပ်ဆင့် ဖြစ်ပွားစေပါသည်။ ၁၉၈၉-၉၀ ခုနှစ်များနောက်ပိုင်း ပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးမှ သက်ရောက်ခဲ့သည့် အနုတ်လက္ခဏာဆောင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျိုးဆက်များကိုလည်း သင်ခန်းစာယူသင့်ပါသည်။ ထို့ အပြင် စီးပွားရေး အရရရှိသော အကျိုးအမြတ်များမှာ ဒေသခံများထံသို့ ရောက်ရှိသွားသည်ထက် အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သူများဆီသို့သာ ရောက်ရှိသွားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် တရားဥပဒေအရ လက်လှမ်းမီမှုမရှိခြင်းသည်လည်း အဆိုပါ ပြဿနာများကို ပိုမိုဆိုးရွားစေပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း များနှင့် ပြည်သူလူထုတို့အကြား ဆက်စပ်မှုသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အစရှိသော မတူညီသည့် ရှုထောင့်များမှ လေ့လာသုံးသပ်ပြီးမှသာ တိကျသောမူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ယခုသုတေသနအပေါ် အခြေပြုပြီး တိုက်တွန်းလိုခြင်းဖြစ်ပါသည်။ ထိုသို့ မဟုတ်ပါက ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်အကျိုးရှိစေရန်ရည်ရွယ်ပြီး ဆောင်ရွက်နေသည့်အခြားသောဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း များသည်ပင်လျှင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အနှောင့်အယှက်ဖြစ်လာနိုင်ကြောင်းကိုလည်း သတိမူသင့်ကြောင်း အကြံပြုလျက် နိဂုံးချုပ်အပ်ပါသည်။